## Twenty-Sixth Sunday in Ordinary Time (September 28, 2014)

**1st READING:** ***Ezekiel 18: 25-28***
ယေဇကျေလအနာဂတ္တိကျမ်း ၁၈း ၂၅–၂၈

သို့သော်လည်းသင်တို့က၊ ထာဝရဘုရားစီရင်ချက်မဖြောင့်ဟုဆိုကြသည်တကား။ အိုဣသရေလအမျိုးငါစီရင်ချက်သည်ဖြောင့်မတ်၍၊ သင်တို့စီရင်ချက်ကောက်သည်မဟုတ်လော၊ တရားစီရင်သောသူသည်တရားသောအမှုကိုပယ်၍အဓမ္မအမှုကိုပြုလျှင်၊ ထိုအမှုကြောင့်သေရမည်။ ပြုမိသောအဓမ္မအမှုကြောင့်အသေသက်ခြင်းကိုခံရမည်။ထိုအတူ၊ မတရားသောသူသည်မိမိပြုမိသောအဓမ္မအမှုကိုရှောင်၍တရားသောအမှု၊ ဟုတ်မှန်သောအမှုကို ပြုလျှင်၊ မိမိအသက်ကိုကယ်နှုတ်ရလိမ့်မည်။ ပြုမိသမျှသောအဓမ္မအမှုတို့ကိုဆင်ခြင်၍ရှောင်သောကြောင့်၊ သေခြင်းနှင့်လွတ်၍စင်စစ်အသက်ရှင်ရလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms  25: 4-5, 6-7, 8-9

ဆာလံကျမ်း     ၂၅း ၄–၅၊ ၆–၇၊ ၈–၉

**သံပြိုင်။**   ။ အိုထာဝရဘုရား၊ ကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်နှင့် ကရုဏာတော်ကို သတိ ရ တော်မူပါ။

R. **Remember your mercies, O Lord.**

၁။ အိုထာဝရဘုရား၊ ကိုယ်တော်၏လမ်းတော်များကိုတပည့်တော်အားသိစေတော်မူပါ။ ကိုယ်တော်၏လမ်းစဉ်ကိုတပည့်တော်အားသင်ကြားပေးတော်မူပါ။ကိုယ်တော်၏သစ္စာသမ္မာတရားတော်၌တပည့်တော်ကိုဦးဆောင်တော်မူ၍သွန်သင်တော်မူပါ။ အကြောင်းမူကား၊ကိုယ်တော်သည်တပည့်တော်ကိုကယ်တင်တော်မူသောဘုရားသခင်ဖြစ်တော်မူ၏။ **သံပြိုင်။**

Your ways, O LORD, make known to me; teach me your paths, guide me in your truth and teach me, for you are God my savior.

၂။ အိုထာဝရဘုရား၊ ကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်နှင့် ကရုဏာတော်ကို သတိရတော်မူပါ။ အကြောင်းမူကား၊ ယင်းတို့သည် ရှေးကာလက ပင်တည်ရှိခဲ့ပါ၏။ တပည့်တော် ငယ်ရွယ်စဉ်က ပြုခဲ့သောအပြစ်များနှင့်ကျူးလွန်ခြင်းများကို အောက်မေ့တော်မမူပါနှင့်။ အိုထာဝရဘုရား၊ ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကိုထောက်၍ ကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်နှင့် အညီတပည့်တော်ကို အောက်မေ့တော်မူပါ။ **သံပြိုင်။**   ။

Remember that your compassion, O LORD, and your love are from of old. The sins of my youth and my frailties remember not; in your kindness remember me, because of your goodness, O LORD.

၃။ ထာဝရဘုရားသည် ကောင်းမွန်သဖြင့်ဖြောင့်မတ်တော်မူ၏။ ထို့ကြောင့်ကိုယ်တော်သည်အပြစ်သားများကိုမိမိ၏ လမ်းတော်၌ သွန်သင်တော်မူ၏။ ကိုယ်တော်သည် နှိမ့်ချသောသူတို့အားတရားမှန်သို့ပို့ဆောင်၍လျှောက်လှမ်းရမည့်လမ်းတော်တို့ကိုသွန်သင်တော်မူ၏။ **သံပြိုင်။**   ။

Good and upright is the LORD; thus he shows sinners the way. He guides the humble to justice,  and teaches the humble his way.

## 2nd READING: Philippians 2:1-11

ဖိလိပ္ပိဩဝါဒစာ ၂း ၁– ၁၁

သင်တို့သည်ခရစ်တော်၌အသက်ရှင်ခြင်းအားဖြင့်ခွန်အားကိုရရှိခြင်းကိုယ်တော်၏မေတ္တာ၌နှစ်သိမ့်မှုကိုရရှိခြင်း၊ ဝိညာဉ်တော်နှင့်မိတ်သဟာယဖွဲ့ခွင့်ရရှိခြင်း၊ အချင်းချင်းသနားစုံမက်ခြင်းတည်းဟူသောအရာတစ်စုံတစ်ခုရှိလျှင် သင်တို့သည်အချင်းချင်းချစ်ကြ၍ တစ်လုံးတစ်ဝတည်းရှိခြင်း စိတ်သဘောတစ်ညီတစ်ညွတ်တည်းရှိခြင်းအားဖြင့် ငါ၀မ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။ တုပြိုင်ရန်ပြိုင်ရန်ပြုလိုသောစိတ်အကျိုးမဲ့ကျော်ကြားခြင်းကို တပ်မက်သောစိတ်တို့ဖြင့် မည်သည့်အမှုကိုမျှ မပြုကြနှင့်။ တစ်နည်းအားဖြင့်သူတစ်ပါးသည်မိမိထက်သာလွန်သည်ဟုအစဉ်ခံယူလျှင်စိတ်နှိမ့်ချခြင်းရှိကြလော့။ မိမိ၏အကျိုးကိုသာမရှာဘဲအချင်းချင်း၏အကျိုးကိုရှာကြလော့။ ခရစ်တော်ယေရှုး၌ရှိသောစိတ်သဘောကိုသင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည်ဘုရားသခင်၏အဖြစ်တော်၌ပြည့်စုံတော်မူသော်လည်းဘုရားသခင်နှင့်ဂုဏ်ရည်တူရန်ကြိုးစားသင့်သည်ဟုထင်မှတ်တော်မမူ။ မိမိ၏ဘုရားဘုန်းဂုဏ်တော်ကိုစွန့်၍အစေခံကျွန်၏သဏ္ဌာန်ကိုဆောင်တော်မူလျှက်လူအဖြစ်၌မွေးဖွားခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျှက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်တွင်အသေခံခြင်းတိုင်အောင်အစေခံ၍မိမိကိုယ်ကိုနှိမ့်ချတော်မူ၏။ ဤအကြောင်းကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အထက်ဘ၀ဂ်သို့တိုင်အောင်ချီးမြှောက်၍ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏။ ထို့ကြောင့်ကောင်းကင်၊ မြေကြီးနှင့်မြေကြီးအောက်ရှိ သတ္တဝါအပေါင်းတို့ သည်သခင်ယေရှုး၏ နာမတော်ကို ရှိသေဦးညွတ်လျက် ယေရှုးခရစ်တော်သည် အရှင်သခင်ဖြစ်တော်မူသည်ဟု နှုတ်မှ၀န်ခံသဖြင့် ခမည်းတော်ဘုရား၏ဘုန်းတော်ဂုဏ်တော်ကိုထွန်းတောက်စေကြလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 21:28-32***

ရှင်မာတေဦးဧဝံဂေလိကျမ်း ၂၁း၂၈–၃၂

သင်တို့မူကားအဘယ်သို့ထင်ကြသနည်း။လူတစ်ဦးမှာသားနှစ်ယောက်ရှိ၏။ သူသည်သားကြီးထံသို့သွား၍ငါ့သား၊ ယနေ့ငါ၏စပျစ်ဥယျာဉ်သို့သွားရောက်လုပ်ကိုင်ပါလော့ဟုဆိုလျှင်သားကြီးကကျွန်တော်မသွားပါဟုဆိုသော်လည်းနောက်မှနောင်တရ၍သွားလေ၏။ ဖခင်သည် သားငယ်ထံသို့သွား၍ ထိုနည်းတူဆိုပြန်လျှင်သူကသွားပါမည်အဖေဟုဆိုပြီးမှမသွားဘဲနေ၏။ ဤသူနှစ်ဦးတို့တွင် မည်သူသည်ဖခင်၏အလိုကိုဆောင်ရွက်သနည်းဟုမေးတော်မူလျှင်သူတို့ကသားကြီးဟုဖြေကြားကြ၏။ ထိုအခါယေရှုကသင်တို့အားငါအမှန်ဆိုသည်ကား အခွန်ခံသူတို့နှင့်ပြည့်တန်ဆာတို့သည် ဘုရားသခင်၏နိုင်ငံတော်သို့သင်တို့ထက်ဦးစွာဝင်ရောက်ကြလိမ့်မည်။ အကြောင်းမူကားယောဟန်သည်ဖြောင့်မတ်သောတရားလမ်းဖြင့်သင်တို့ထံသို့လာသော်လည်းသင်တို့သည်သူ့ကိုမယုံကြည်ကြ။ အခွန်ခံသူတို့နှင့်ပြည့်တန်ဆာတို့မူကားယုံကြည်ကြ၏။ ဤအချင်းအရာကတွေ့မြင်သောအခါ၌ပင်လျှင်သင်တို့သည်စိတ်ပြောင်းလဲ၍ယောဟန်ကိုယုံကြည်ခြင်းမရှိခဲ့ကြ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။